# နယူးယောက်ပြည်နယ်တွင် ငါးမျှားမီ ရှေးဦးစွာ မည်သည့်အရာများ သိထားရမည်နည်း။

▌**နယူးယောက်ပြည်နယ်တွင် (NYS) ငါးမျှားရန်အတွက် နယူးယောက်ပြည်နယ်၏ တရားဝင်သက်တမ်းရှိသော ငါးမျှားခွင့်လိုင်စင်ရှိရန်နှင့် ငါးမျှားခြင်းနှင့် ပတ်သက်ပြီး ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား သိနေရန်နှင့် လိုက်နာရန် လိုအပ်ပါသည်။**

▌**နယူးယောက်ပြည်နယ် (NYS) တွင် ငါးမျှားခြင်းနှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းများအား ကျွန်ုပ်မည်သည့်နေရာတွင် ရှာရမည်နည်း။**
www.dec.ny.gov/outdoor/fishing.html

▌**အောက်ပါအခြေအနေအတွက် အကျွန်ုပ်ငါးမျှားခွင့်လိုင်စင် လိုအပ်ပါသည်။**

- အသက် ၁၆ နှစ် (သို့မဟုတ်) ထိုထက်ကြီးပြီး ငါးမျှားလိုပါသည် (အစဉ်အလာအတိုင်း သုံးနေကျ ပစ္စည်း [ငါးမျှားတံ၊ ကြိုး၊ ငါးမျှားချိတ်]) နှင့် မျှားမည်ဆိုလျှင်
- အသက်အရွယ်မရွေး တစ်စုံတစ်ယောက်အား ငါးမျှားခြင်း၌ ကူညီရန်အတွက်ဆိုလျှင်
- ဖားများကို ခက်ရင်းခွချွန်၊ လက်၊ ဖားရိုက်တံ (သို့မဟုတ်) ချိတ်ဖြင့် ဖမ်းရန်အတွက် ဆိုလျှင်

**မှတ်ချက်။** အခြားတရားဝင်ခွင့်ပြုထားသော ငါးဖမ်းနည်း (ခက်ရင်းခွချွန်ဖြင့် ဖမ်းခြင်းမျိုး) များအတွက် ကန့်သတ်ချက်များအား အထွေထွေ စည်းမျဉ်းစည်းကမ်းများတွင် တွေ့ရှိနိုင်ပါသည်။

**အသေးစိတ်အချက်အလက်များအား ပိုမိုသိရှိနိုင်ရန် အတွက် ဤနေရာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**
www.dec.ny.gov/permits/6091.html




▌**နယူးယောက်ပြည်နယ်တွင် နေထိုင်သူများအတွက် ငါမျှားခွင့်လိုင်စင် နှစ်စဉ်ကြေး**

- အသက် ၁၆ နှစ်မှ ၆၉ နှစ် အထိ = $ ၂၅
- အသက် ၇၀ နှင့် အထက် = $ ၅

▌**ငါးမျှားခွင့်လိုင်စင်တစ်ခုအား အကျွန်ုပ် မည်သည့်နေရာတွင် ဝယ်၍ရနိုင်မည်နည်း။**

| | | |
|---|---|---|
| **BASS PRO**<br>710 Horatio St<br>Utica, NY13502 | **ONEIDA ကောင်တီ စာရေးရုံး**<br>800 Park Ave<br>Utica, NY 13501 | **Riverside Mall တွင် ရှိသော WALMART**<br>710 Horatio St<br>Utica, NY 13502 |
| **FLOYD မြို့ စာရေးရုံး**<br>8299 Old Floyd Rd<br>Rome, NY 13440 | **WALMART**<br>5815 Rome-Taberg Rd<br>Rome, NY 13440 | **Oneida ကောင်တီ နှင့် နယူးယောက်ပြည်နယ်ရှိ အခြားရနိုင်သောနေရာများ**<br>www.dec.ny.gov/permits/95448.html |

**အွန်လိုင်းတွင် ဝင်ရောက်ကြည့်ရှုရန်** https://decals.dec.ny.gov/DECALSCitizenWeb; **ဖုန်းဖြင့်ဆက်သွယ်ရန်** 1-866-933-2257 (တနင်္လာ-သောကြာ နံနက် ၈း၃၀- ညနေ ၄း၃၀)

▌**စည်းမျဉ်းစည်းကမ်းအမျိုးအစားများက မည်သည့်အရာများ ဖြစ်သနည်း။**

- **နယူးယောက်ပြည်နယ်စည်းမျဉ်းများ။** မည်သည့်အချိန် (ရာသီအဖွင့်၊ ရာသီအပိတ်)၊ နေရာ (ငါးမျှားမည့် နေရာ)၊ မည်ကဲ့သို့ (ငါးမျှားပုံ မျှားနည်း)၊ မည်သည့် ငါးအမျိုးအစား (မျိုးစိတ်၊အရှည်)၊ နှင့် ငါးကောင်ရေ (တစ်နေ့တာ အတွက် ကန့်သတ်ချက်)၊ ငါးမျှားချိတ်နှင့်ငါးမျှားတံသုံးသောသူများမှ မျှားနိုင်သည် (အိမ်ပြန်ယူသွားနိုင်သည်)။
- **ငါးမျှားခြင်းနှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သောအချက်များမှာ။** အထူးစည်းမျဉ်းစည်းကမ်းများ (ငါးမျှားမည့်နေရာ နှင့် မျိုးစိတ် အပေါ်မူတည်၍ တိတိကျကျ သတ်မှတ်ချက်)၊ တပြည်နယ်လုံးနှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်းများ (အထူးစည်းမျဉ်းစည်းကမ်းများ သတ်မှတ်မထားသောနေရာတွင် သက်ရောက်မှုရှိသည်)၊ အထွေထွေစည်းမျဉ်းစည်းကမ်းများနှင့် အခြားအရာများ ပါဝင်ပါသည်။
- **ငါးမျိုးစိတ်များ။** ငါးအမျိုးအစား
- **ရာသီအဖွင့်။** သတ်မှတ်ထားသော ငါးအမျိုးအစားအား မျှားခွင့်ပြုသောနေ့များ
- **ရာသီအပိတ်။** သတ်မှတ်ထားသော ငါးအမျိုးအစားအား မျှားခွင့်မပြုသောနေ့များ
- **အနည်းဆုံးအရှည် (အတိုင်းအတာ)။** တရားဝင် ယူခွင့်ရှိသော အတိုဆုံးအတိုင်းအတာ
- **တနေ့တာအတွက် ကန့်သတ်ချက်။** ငါးမျှားသူများမှ တနေ့တာအတွက် တရားဝင်ယူခွင့်ရှိသော ငါးအရေအတွက်
- **နည်းလမ်း။** ငါးကို တရားဝင် မည်သို့ယူဆောင်မည်နည်း။

**ရေချိုစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် အွန်လိုင်းတွင် ဝင်ရောက်လေ့လာပါ။** www.dec.ny.gov/outdoor/7917.html